ELECTION EDUCATION AND OBSERVATION PARTNERS
No. 261 (1st Floor - Left), Mahar Bandoola Garden Street (Upper Block), Kyauktada Township (11181, 11182), Yangon, Myanmar.
**Phone/Fax:** (+95) 01-256 040, **Hotline:** (+95) 09 3080 5503 **SMS:** (+95) 099 6102 1161, **Info:** (+95) 097 8254 9231
**Email:** contact@eeop.org, **Website:** http://www.eeop.org

# EEOPမှ ပြုလုပ်သောရွေးကောက်ပွဲအကြိုကာလ မဲဆန္ဒရှင် သဘောထား စစ်တမ်း
# ၂၀၁၅ခုနှစ်၊ နိုင်ဝင်ဘာလ (၅) ရက်

## စစ်တမ်းကောက်ခြင်းနည်းစနစ်

EEOP အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်နေ့မှ နိုင်ဝင်ဘာ ၃ရက်နေ့အထိ ရွေးကောက်ပွဲဖြစ်စဉ် အပေါ် မဲဆန္ဒရှင်ပြည်သူလူထု၏ ရှုမြင်ချက်နှင့် သဘောထားများကို ခြုံငုံသိရှိနိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင် ၃၁၅ ဦးအား စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းကောက်ယူခဲ့သည့် ဒေသများမှာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ ဖြစ်သည်။ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ တာဝန်ခံများမှာ သင်တန်းရရှိသေးခြင်းမရှိသေးသည့်အတွက် ထိုဒေသများတွင် စစ်တမ်းမကောက်ယူခဲ့ပါ။ ဒေသအသီးသီးရှိ တာဝန်ခံများသည် စစ်တမ်းကောက်ယူရာတွင် မဲဆန္ဒရှင်များ၏ အသက်အရွယ် အပိုင်းအခြား (၃၀နှစ်အထက်၊ ၃၀နှစ်အောက်) နှင့် ကျား၊မ ညီတူညီမျှစွာ ကောက်ယူခဲ့ကြသည်။

## I. မဲဆန္ဒရှင် အချက်အလက်များ




ဖြေကြားသူ မဲဆန္ဒရှင် (၇၃%) သည် ရွေးကောက်ပွဲတွင် မှန်ကန်စွာ မဲပေးရန် အချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိနေပြီးဖြစ်သည်ဟု ယုံကြည်ကြသည်။ ယခုတွေ့ရှိချက်သည် EEOP ဒေသတာဝန်ခံများ၏ အမြင်နှင့် ကွဲလွဲနေသည်။ တာဝန်ခံများက မဲဆန္ဒရှင်များသည် မဲပေးခြင်းလုပ်ငန်းစဉ်ကို မဲဆန္ဒရှင်များ သိသင့်သလောက် မသိကြဟု ယုံကြည်လျက်ရှိပြီး ရွေးကောက်ပွဲနေ့တွင် ရှုပ်ထွေးမှုများဖြစ်မည်ကို စိုးရိမ်လျက်ရှိသည်။




စစ်တမ်းအရ မဲဆန္ဒရှင်များသည် ယှဉ်ပြိုင်နေသော ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အကြောင်းကို အပြည့်အဝသိသည်ဟု မထင်ကြပါ။

## II. မဲပေးမှု နှိုင်းယှဉ်ချက်




၂၀၁၀ရွေးကောက်ပွဲ နှင့်နှိုင်းယှဉ်လျှင် ယခုလာမည့် ၂၀၁၅ရွေးကောက်ပွဲတွင် ပါဝင်ရန် မဲဆန္ဒရှင်များသည် စိတ်အားထက်သန်လျက်ရှိသည်ကို တွေ့ရသည်။ ၂၀၁၀တွင် ၅၃%သည် မဲပေးခဲ့ကြပြီး ၂၀၁၅တွင် ၉၃%သည် မဲပေးမည်ဟုဖြေကြားသည်။ ၄၄% သောဖြေကြားသူများသည် ၂၀၁၀ တွင်မဲမပေးခဲ့ကြပါ။ ယခုရွေးကောက်ပွဲတွင် ၂% သာ မဲမပေးဟုဖြေကြားသည်။ ထို့ကြောင့် စစ်တမ်းအရ ယခုလာမည့်ရွေးကောက်ပွဲတွင် မဲပေးသူများ ပြားမည်ဖြစ်သည်။




မဲဆန္ဒရှင်အားလုံးနီးပါး (၉၉%)သည် ရွေးကောက်ပွဲနေ့တွင် မဲပေးကြမည်ဖြစ်သည်။

## III. မဲဆွယ်စည်းရုံးမှု တရားမျှတမှု ရှိမရှိ






၆၃% သောဖြေကြားသူမဲဆန္ဒရှင်များသည် မဲဆွယ်စည်းရုံးမှုဖြစ်စဉ်သည် မျှတမှုရှိသည်ဟု ထင်မြင်ကြပြီး ၁၉% ကတော့ မမျှတသည့် လုပ်ရပ်အချို့ရှိသည်ဟု ဖြေကြားသည်။ သို့သော်ငြားလည်း ဖြေကြားသူ သုံးပုံ တစ်ပုံကျော် (၃၈%)က ၎င်းတို့၏ဒေသများတွင် မဲဝယ်သည့်အသွင်ဆောင်သည့် မဲဆွယ်စည်းရုံးမှုများရှိသည်ဟု ထင်မြင်ကြသည်။ ထိုရလဒ်နှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် မဲဆန္ဒရှင်များသည် မဲဝယ်မှုကို ရွေးကောက်ပွဲတွင် ဖြစ်လေ့ဖြစ်ထရှိသည့် သာမန်လုပ်ရပ်ဟု ထင်မြင်လျက်ရှိသည်။ မဲဝယ်ခြင်းသည် မဲပေးမှုကို ထိရောက်စွာ သက်ရောက်မှုရှိနိုင်သည်ဟု မထင်သည့်အတွက်ကြောင့် ရွေးကောက်ပွဲ တရားမျှတမှုကို မဲဝယ်ခြင်းက မထိခိုက်နိုင်ဟု မဲဆန္ဒရှင်များအနေဖြင့် ထင်နေကြခြင်းလည်း ဖြစ်နိုင်သည်။




လေးပုံတစ်ပုံ (၂၄%)သော မဲဆန္ဒရှင်များသည် နိုင်ငံပိုင်ပစ္စည်းနှင့် ဝန်ထမ်းများကို မဲဆွယ်စည်းရုံးမှုတွင် အသုံးပြုနိုင်ကြသည်ဟု ထင်မြင်ကြသည်။

ELECTION EDUCATION AND OBSERVATION PARTNERS
No. 261 (1st Floor - Left), Mahar Bandoola Garden Street (Upper Block), Kyauktada Township (11181, 11182), Yangon, Myanmar.
**Phone/Fax:** (+95) 01-256 040, **Hotline:** (+95) 09 3080 5503 **SMS:** (+95) 099 6102 1161, **Info:** (+95) 097 8254 9231
**Email:** contact@eeop.org, **Website:** http://www.eeop.org

## IV. မဲဆန္ဒရှင် စာရင်းသွင်းခြင်းနှင့် မဲစာရင်း




ဖြေကြားသူ မဲဆန္ဒရှင် (၉၃%) တွင် မဲပေးရန်အတွက် သက်သေခံကတ်ပြားတစ်ခုခုရှိသည် ဟုဖြေကြားသည်။




နောက်ဆုံးထုတ်သည့် မဲစာရင်းတွင် ၁၀ပုံ၁ပုံသော ဖြေကြားသူ (၉ %)၏ အချက်အလက်သည် မှားနေသေးသည် ကိုတွေ့ရသည်။ ၇၆% ကမှန်ကန်သည်ဟုဖြေကြားပြီး ၁၄%က မဲစာရင်း တခါမှသွားမစစ်ရသေးဟု ဖြေကြားသည်။

## V. ရွေးကောက်ပွဲ ကော်မရှင် ဘက်လိုက်မှုရှိမရှိ




သုံးပုံ တစ်ပုံ (၃၁%) သော မဲဆန္ဒရှင်များကသာ ရွေးကောက်ပွဲကော်မရှင်ကို ဘက်လိုက်မှုမရှိဟု ထင်မြင်ကြသည်။ ထိုထင်မြင်ချက်သည် ယခင်ရွေးကောက်ပွဲအတွေ့အကြုံများကို အခြေခံ၍ ဖြေကြားခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်ပြည်သူလူထုနှင့် ယုံကြည်မှုတည်ဆောက်ရန် လုပ်ဆောင်ရဦးမည် ဖြစ်သည်။

## VI. ရွေးကောက်ပွဲ လွတ်လပ်ပြီးတရားမျှတမှု ရှိမရှိ




လေးပုံတစ်ပုံ (၂၆%) သော ဖြေကြားသူများကသာ ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ကြသည်။ စစ်တမ်းအရ မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲတွင် ပါဝင်ရန်စိတ်အားထက်သန်နေကြသော်လည်း မသေချာမရေရာမှုများ၊ သံသယများ သိသိသာသာရှိနေကြသည်ကို တွေ့ရှိရသည်။

ELECTION EDUCATION AND OBSERVATION PARTNERS
No. 261 (1st Floor - Left), Mahar Bandoola Garden Street (Upper Block), Kyauktada Township (11181, 11182), Yangon, Myanmar.
**Phone/Fax:** (+95) 01-256 040, **Hotline:** (+95) 09 3080 5503 **SMS:** (+95) 099 6102 1161, **Info:** (+95) 097 8254 9231
**Email:** contact@eeop.org, **Website:** http://www.eeop.org

**ရွေးကောက်ပွဲ ပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေး မိတ်ဖက်များ (EEOP)**

ရွေးကောက်ပွဲ ပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေး မိတ်ဖက်များ (Election Education and Observation Partners – EEOP) အဖွဲ့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှ ပါတီစွဲကင်းပြီး၊ သီးခြားလွတ်လပ်သည့် အဖွဲ့ဝင် ( ၂၃ ) ဖွဲ့ပါဝင်ဖွဲ့စည်းထားသော မဲဆန္ဒရှင် ပညာပေးရေးနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြစ်သည်။ EEOP အဖွဲ့သည် ၂၀၁၃ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ အဖွဲ့ဝင်များမှာ - New Myanmar Foundation (NMF), Democratic Force (DF), Rural Development Network (RDN), Metta Campaign, Wisdom Banner, NweOo Foundation, PwintPhyu Observer Group, Magwe Observer Network, Social Actors' Group, Youth Development Network , Paungde Observer Group, Pyay Observer Group (FPSS), Green Network, Rhododendron Indigenous Development (RID) Association, Tedim Youth Fellowship (TYF), KRDO, Cherry Image, Kyaukmae Development Network, Kayan Women Organization (KWO), Top Youth, Bilin Observer Group, Wunlark Development Foundation နှင့် Public Welfare Network အဖွဲ့တို့ ဖြစ်ကြသည်။

EEOP အဖွဲ့သည် တရားဝင်ရွေးကောက်ပွဲကာလမတိုင်မီ အစောပိုင်းကတည်းကစပြီး ပြည်သူ့နီတိ ပညာရေးနှင့် မဲဆန္ဒရှင် ပညာပေးရေးသင်တန်း များကို နိုင်ငံအနှံ့ပို့ချပေးခဲ့သည့်အပြင်၊ မဲဆန္ဒရှင် စာရင်းသွင်းခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း ကာလများကိုလည်း စောင့်ကြည့်လေ့လာခဲ့ပါ သည်။ EEOP အဖွဲ့သည် စောင့်ကြည့်လေ့လာသူ ကျား ၆၈% နှင့် မ ၃၂%၊ စုစုပေါင်း စောင့်ကြည့်လေ့လာသူ ( ၁၅၀၀ ) ကျော်အား တရားဝင်အသိအမှတ်ပြုမှု လျှောက်ထားခဲ့ပြီး၊ မြို့နယ် ( ၁၀၀ ) ကျော်မှ မဲရုံများအား ရွေးကောက်ပွဲနေ့ (နိုဝင်ဘာ ၈ ရက်နေ့) တွင် စောင့်ကြည့်လေ့လာသွားမည် ဖြစ်ပါသည်။ ဤစောင့်ကြည့်မှုသည် အဖွဲ့ဝင်အချို့အတွက် ရွေးကောက်ပွဲတွင် ပထမဦးဆုံး ပါဝင်မှု ဖြစ်သော်လည်း၊ အခြားပူးပေါင်းပါဝင်သူများမှာ ၂၀၁၀ ရွေးကောက်ပွဲတွင် စောင့်ကြည့်ခဲ့ပြီး၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ၎င်းကြားဖြတ်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာခဲ့ပါသည်။ အဖွဲ့ဝင်များသည် အတွေ့အကြုံများစွာရှိသည့်အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲအပေါ် ကောင်းမွန်သည့် စိတ်ဆန္ဒအပြည့်အဝ ရှိပါသည်။ ထို့အပြင် EEOP အဖွဲ့သည် အာရှဆိုင်ရာ လွတ်လပ်သော ရွေးကောက်ပွဲများဆိုင်ရာ အာရှကွန်ယက် (Asian Network for Free Elections – ANFREL) အဖွဲ့နှင့် ခိုင်မာသည့် ဆက်ဆံရေးရှိသော်လည်း၊ နိုင်ငံတကာအထောက်အပံ့များဖြင့် ထောက်ပံ့၊ တည်ထောင်ခဲ့သော အခြားအဖွဲ့အစည်းများနှင့်မတူပဲ၊ အဖွဲ့ဝင်များကိုယ်တိုင် ထောက်ပံ့ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။

**Contact Election Education and Observation Partners (EEOP)**
Contact Person: Mya Nandar Thin, Executive Director
Address: No. 261, 1st Floow (Left), Mahar Bandoola Garden Street (Upper Block), Kyauktada Township (Postal Code: 11181, 11182) Yangon, Myanmar.
Contact Phone: **Phone/Fax**: (+95) 01-256 040, **Hotline**: (+95) 09 3080 5503, (+95) 099 6102 1161,
**SMS**: (+95) 09 787878 507,
**Info**: (+95) 097 8254 9231
**Other**: (+95) 9 3222 1313, (+95) 9 250 60 8775
Contact Email: contact@eeop.org, new.myanmar.foundation@gmail.com
Website: www.eeop.org